# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
# ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ် ၂/၂၂၀(ခ)(၄)( ၁၃၉၀ /၂၀၁၄)
ရက်စွဲ ၂၀၁၄ခုနှစ်၊ ဖေဖေါ်ဝါရီလ ၂၈ ရက်

အကြောင်းအရာ ။ **Baulks Square နှင့် Boule Cut Logs များ ပြည်ပတင်ပို့ခြင်းအား ရပ်ဆိုင်းခွင့်ပြုပါရန် တင်ပြခြင်း**

ရည်ညွှန်းချက်။ မြန်မာ့သစ်လုပ်ငန်း၏ ၂၉-၂-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁၆၇/ပပရ/ ဒထမ/ ရဝရ (မှုဝါဒ)

၂၀၁၄ ခုနှစ် ၊ ဖေဖေါ်ဝါရီလ (၂၁) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ၊ စီမံခန့်ခွဲမှုကော်မတီ၏ (၄/၂၀၁၄)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ၊ ကျွန်း/သစ်မာသစ်လုံးများနည်းတူ Baulks Square နှင့် Boule Cut Logs များ တင်ပို့မှုအား (၁-၄-၂၀၁၄) ရက်နေ့မှစတင်၍ ရပ်ဆိုင်းခွင့်ပြုကြောင်း အကြောင်းကြား အပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
( မျိုးညွှန့် ၊ ရုံး အ ဖွဲ့ မှူး )

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့သစ်လုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

<u>လျှို့ဝှက်</u>

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# မြန်မာ့သစ်လုပ်ငန်း

MOECAF

စာအမှတ်။ ၁၆၇ /ပပရ/ဒထမ/ရဝရ(မှုဝါဒ)
ရက် စွဲ ။၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသည့် အမှာစာ

အကြောင်းအရာ။ Baulks Square နှင့် Boule Cut logs များ ပြည်ပတင်ပို့ခြင်းအား ရပ်ဆိုင်းခွင့်ပြုရန် တင်ပြခြင်း

**တင်ပြချက်**

၁။ ကျွန်း/သစ်မာသစ်လုံးများနည်းတူ Baulks Square နှင့် Boule Cut logs များပြည်ပတင်ပို့မှုအား (၁-၄-၂၀၁၄)ရက်နေ့မှစတင်၍ ရပ်ဆိုင်းခွင့်ပြုရန် တင်ပြခြင်းဖြစ်ပါသည်။

**ရှင်းလင်းချက်**

၂။ သစ်အလုံးလိုက်တင်ပို့ခြင်းကို (၃၁-၃-၂၀၁၄)ရက်နေ့၊ ည(၁၂:၀၀)နာရီတွင် ရပ်ဆိုင်းမည်ဖြစ်ပါသည်။

၃။ World Customs Organization(WCO) ၏ H.S Code 2012 အခန်း(၄၄) WCO H.S Code အမှတ် 4403 တွင် ဖော်ပြပါရှိသော Wood in the rough, whether or not stripped of bark or sapwood, or roughly squared သတ်မှတ်ချက်အရ Baulks Square နှင့် Boule Cut logs အား သစ်လုံးနှင့်တစ်တန်းစားတည်း သတ်မှတ်ထားပါသည်။

၄။ အဆိုပါအမျိုးအစားများအား ပြည်ပတင်ပို့ခွင့်ပြုပါက သဘာဝပတ်ဝန်းကျင်အမြင်ဖြင့် သစ်အလုံးလိုက် တင်ပို့သကဲ့သို့ ထောက်ပြလာနိုင်ပါသည်။

၅။ သို့ပါ၍ သစ်အလုံးလိုက်ရပ်ဆိုင်းခြင်းနှင့်အညီ WCO သတ်မှတ်ချက်အတိုင်း Baulks Square နှင့် Boule Cut logs များ တင်ပို့မှုအား (၁-၄-၂၀၁၄)ရက်နေ့မှစတင်၍ ရပ်ဆိုင်းခွင့်ပြုပါရန် ဖြစ်ပါသည်။

**ညှိနှိုင်းဆုံးဖြတ်ရန်အချက်**

၆။ ကျွန်း/သစ်မာသစ်လုံးများနည်းတူ Baulks Square နှင့် Boule Cut logs များ တင်ပို့မှုအား (၁-၄-၂၀၁၄) ရက်နေ့မှစတင်၍ ရပ်ဆိုင်းခွင့်ပြုပါရန် သဘောတူသည်/ သဘောမတူပါ။

<u>လျှို့ဝှက်</u>

ဦးဆောင်ညွှန်ကြားရေးမှူး၏ ထောက်ခံတင်ပြချက်

၃။ အမိန့်နာခံတင်ပြအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
( ခင်မောင်ရီ )

အတွင်းရေးမှူး
စီမံခန့်ခွဲမှုကော်မတီ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန